


# ကျောင်းဘေးကင်းလုံခြုံရေးစီမံခန့်ခွဲမှုအစီအစဉ် လက်စွဲစာအုပ်






နေ့သစ်ကျောင်း
ထပ်ဆိုင်လွတ် အမှတ် ၁၊ မယ်တော်၊
မဲဆောက်မြို့နယ်
၂၀၁၈-၂၀၁၉ ပညာသင်နှစ်



# မာတိကာ


အပိုင်း (1) ကျောင်းနောက်ခံသမိုင်းမိတ်ဆက်ခြင်း

အပိုင်း (2) ကျောင်းမြေပုံနှင့်ကျောင်းအခန်းများ

အပိုင်း (3) အရေးပေါ်ကူညီမည့်အဖွဲ့များ

အပိုင်း (4)သဘာဝဘေးအန္တရာယ်ကြုံနေရသည့်အချိန် လုပ်ဆောင်ရမည့်အဆင့်ဆင့်

အပိုင်း (5) အခြားသိကောင်းစရာများ





SCHOOL

# အပိုင်း (၁) ကျောင်းနောက်ခံသမိုင်း မိတ်ဆက်

နေ့သစ်ကျောင်း (New Day Learning Centre) ကို ၃၀၊ ၁၂၊ ၂၀၁၆ တွင် JACBA ၏ ဥက္ကဌ ဖြစ်သူ ဦးမိုးကြိုး မှ ဦးဆောင်ဦးရွက်ပြုကာ စတင်တည်ထောင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါသည်။ မြန်မာပြည်မှ ထိုင်း-မြန်မာနယ်စပ်ဒေသ သို့ ရောက်ရှိလာကုန်သော ရွှေ့ပြောင်းအလုပ်သမားတို့တွင် မိသားစုနှင့်အတူ ကျောင်းနေအရွယ် ကလေးငယ်များပါ အတူလိုက်ပါလာကြသလို အချို့ကလေးငယ်များမှာလည်း ဤနယ်စပ်ဒေသတွင်ပင် မွေးဖွားကာ အရွယ်ရောက်လာကြသည်။ မိဘအုပ်ထိန်းသူများသည် မိသားစု၏ စားဝတ်နေရေးအတွက် ရုန်းကန်လှုပ်ရှားနေရသည့်အလျောက် တစ်ဖက်တွင်လည်း ကလေးများ ၏ ကျန်းမာရေး နှင့် ပညာရေးကို အပြည့်အဝ ဂရုမစိုက်နိုင်သော၊ လျစ်လျူရှုထားသော အခြေအနေဆိုးများကို စိတ်မချမ်းမြေ့ဖွယ် မြင်တွေ့ကြရသည်။ ထို့ကြောင့် ထိုကလေးသူငယ် များ၏ ဘဝအနာဂတ် နှင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် ဖွံ့ဖြိုးတိုးတက်စေရန်၊ ပညာသင်ကြားခွင့် ရရှိစေရန်အလို့ငှာ နေ့သစ်ကျောင်း ကို ဖွင့်လှစ်ခဲ့ရခြင်း ဖြစ်သည်။

နေ့သစ်ကျောင်းအနီးတဝိုက်တွင် နေထိုင်ကြသော ကျောင်းသားမိဘအများစုမှာ နေ့စားအလုပ်သမား၊ စက်ရုံအလုပ်သမားများ ဖြစ်ကြပြီး အချို့မှာ အမှိုက်ကောက်ခြင်း၊ ကျဘမ်းအလုပ် လုပ်ကိုင်ခြင်း၊ အိမ်အကူလုပ်ကိုင်ခြင်း၊ ဟင်းသီးဟင်းရွက်များ ခူးရောင်းခြင်းများ စသဖြင့် လုပ်ကိုင်စားသောက်ရ သည့်အပြင် တရားဝင်အလုပ်သမားလက်မှတ် ပြုလုပ်ရန် မတတ်နိုင်သည့်အတွက် ထိုင်းရဲများ၏ ဖမ်းဆီးခြင်းကို မကြာခဏ ခံကြရသည်။ သူတို့ခမျာ သွားရေးလာရေးအတွက် ကျီးလန့်စာစား ဖြစ်ကြရသလို ကျန်းမာရေးအတွက်လည်း ငွေကြေးအခက်အခဲ ရှိကြသည်။ သို့ဖြစ်ရာ  မိသားစု၏ စားဝတ်နေရေး နှင့် လုံခြုံရေး အဖက်ဖက်က ရုန်းကန်နေရသည့်အတွက် မိမိရင်သွေး ကလေးငယ်များ၏ ကျန်းမာရေး၊ ပညာရေးနှင့် ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးအတွက် ကြည့်ရှုစောင့်ရှောက်မှု နည်းပါးလှသလို ကလေးငယ်များသည် မူးယစ်ဆေးဝါး သုံးစွဲရောင်းချရာတွင် အလွဲသုံးစားလုပ်ကာ ဖျားယောင်းခိုင်းစေခံရခြင်းများ အကြိမ်ကြိမ် တွေ့ကြုံကြရသည်။

သို့ဖြစ်ပါ၍ ကလေးများ၏ ပညာသင်ယူနိုင်ရေးအခွင့်အလမ်း နည်းပါးမှုပြသနာ ပပျောက်စေရန် စီမံကိန်းဦးတည်ချက်များနှင့် လုပ်ဆောင်ရမည့်အချက်များ ချမှတ်ကာ လက်တွေ့ကျကျ အကောင်အထည် ဖော်ဆောင်နိုင်ရေးအတွက် JACBA နှင့်အတူ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများ အတူတကွ ပူးပေါင်းကာ လက်တွဲဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ပါသည်။

ရွှေ့ပြောင်းဒေသ ရှိကျောင်းများသည် မိမိကိုယ်ပိုင် ရည်ရွယ်ချက်၊ ရည်မှန်းချက်များကို မမိုတ်မသုန် ရှေးရှုလျက် တစ်ချိန်တည်းမှာပင် ခက်ခဲစွာရပ်တည်နေကြရကြောင်းကို နေ့သစ်ကျောင်းမှ များစွာ ကိုယ်ချင်းစာနာ နားလည်ရပါသည်။ မိမိတို့ ရွှေ့ပြောင်းကျောင်းများ၏ ဘေးကင်းလုံခြုံရေးနှင့် သဘာဝ ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလှုပ်ရှားမှုများအတွက် Plan International Thailand နှင့် အတူ Map Foundation Thailand တို့၏ စေတနာနှင့် ဝိုင်းဝန်းပံ့ပိုးမှုများသည်လည်း မိမိတို့ အတွက် ခွန်အားတစ်ရပ် ဖြစ်သည်ဟု ခံယူလျက် များစွာ ကျေးဇူးဥပကာရ တင်ရှိကြောင်းကိုလည်း ဝမ်းမြောက်ဝမ်းသာ ထည့်သွင်း ပြောကြားလိုပါသည်။

## (က) စီမံကိန်း ဦးတည်ချက်များ

- ကလေးများကျောင်းတွင် ပညာသင်ကြားနိုင်ရေး
- ကလေးများ၏ ကျန်းမာရေး နှင့် အကျင့်စာရိတ္တ ကောင်းမွန်စေရေး
- ခေတ်ပညာတတ်လူငယ်များ ဖြစ်ထွန်းပေါ်ထွက်လာစေရေး
- မူးယစ်ဆေးဝါး နှင့် လူကုန်ကူးရောင်းစားခံရခြင်းမှ ကင်းဝေးစေရေး
- အတင်း အဓမ္မ စော်ကားခံရခြင်း ပပျောက်စေရေး

## (က) စီမံကိန်း လုပ်ဆောင်ချက်များ

- ကလေးများကျောင်းတွင် ပညာသင်ကြားနိုင်ရေး
- ကလေးများ၏ ကျန်းမာရေး နှင့် အကျင့်စာရိတ္တ ကောင်းမွန်စေရေး
- ခေတ်ပညာတတ်လူငယ်များ ဖြစ်ထွန်းပေါ်ထွက်လာစေရေး
- မူးယစ်ဆေးဝါး နှင့် လူကုန်ကူးရောင်းစားခံရခြင်းမှ ကင်းဝေးစေရေး
- အတင်း အဓမ္မ စော်ကားခံရခြင်း ပပျောက်စေရေး

## (ခ) ကျောင်းတွင်းသင်ရိုးတွင်ပါဝင်သောဘာသာရပ်များ

- မြန်မာစာ၊အင်္ဂလိပ်စာ၊သင်္ချာ၊သိပ္ပံ၊ပထဝီဝင်၊သမိုင်း နှင့် ထိုင်းစာ

## (ဂ) ကျောင်းသူ၊ကျောင်းသားဦးရေနှင့် ဆရာ၊ဆရာမများ

ဆရာနှင့်ဆရာမအားလုံးစုစုပေါင်း (၁၈)ယောက်။ ကျောင်းသူ၊ကျောင်းသားအားလုံးပေါင်း (၃၃၉)ယောက်။

| နံပါတ် | အတန်း | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| 1 | Nursery | 16 | 8 | 24 |
| 2 | KG (A+B) | 23 | 23 | 46 |
| 3 | Grade(1) | 26 | 24 | 50 |
| 4 | Grade(2) | 21 | 23 | 44 |
| 5 | Grade(3) | 13 | 21 | 34 |
| 6 | Grade(4) | 8 | 7 | 15 |
| 7 | Grade(5) | 23 | 16 | 39 |
| 8 | Grade(6) | 10 | 14 | 24 |
| 9 | Grade(7) | 6 | 10 | 16 |
| 10 | Grade(8) | 3 | 6 | 9 |
| 11 | NFPE LEVEL-1 | 20 | 3 | 23 |
| 12 | NFPE LEVEL-2 | 9 | 6 | 15 |
| 13 | စုစုပေါင်း | 178 | 161 | 339 |

# အပိုင်း (၂) ကျောင်းမြေပုံနှင့်ကျောင်းအခန်းများ



ထိုင်းနိုင်ငံ၏ပညာရေးဝန်ကြီးဌာနလက်အောက်တွင်ရှိသောအခြေခံပညာရေးရုံးမှပြဌာန်းထားသည့် ဘေးကင်းပျော်ရွှင်တို့ကျောင်းတခွင်လမ်းညွှန်ချက်(၂၀၁၁တွင်ပြင်ဆင်တည်းဖြတ်ထား)အရ စာသင်ကျောင်းများအားလုံးသည် အောက်ဖော်ပြပါအရာများပါရှိသောကျောင်းမြေပုံကိုဆွဲထားရန် လိုအပ်ပါသည်။

- ကျောင်းတွင်းအဆောက်အဦများ
- ကျောင်းသားများစုဝေးရန်နေရာ (တန်းစီကွင်း)
- အရေးပေါ် သတိပေးခြင်း
- မီးသတ်ဘူးနှင့်ဆက်စပ်ပစ္စည်းများ
- အရေးပေါ် ထွက်ပေါက်များ
- အရင်းအမြစ်များများထားရှိသည့်နေရာ၊စတိုခန်း
- ဆေးပေးခန်း၊ရှေးဦးသူနာပြုခန်း
- ဖုန်းနှင့်အရေးပေါ် ဖုန်းနံပါတ်များ
- ပြန်လည်တုံ့ပြန်မည့်ဌာနများ၏အမည်

## (က) ကျောင်းတွင်းရှိအခန်းများ

(၁) စာသင်ခန်း
(၂) ရုံးခန်း
(၄) စတိုခန်း
(၅) ခန်းမဆောင်
(၆) ကျောင်းကျန်းမာရေးဆေးခန်း
(၇)ဆရာ/ဆရာမ နားနေဆောင်




## (ခ) ကျောင်းမြေပုံနှင့်အရေးကြီးသည့်နေရာများ

- ငလျင်လှုပ်ခြင်းကြောင့်ထိခိုက်နိုင်သည့်နေရာ
- မုန်တိုင်းဖြစ်ခြင်းကြောင့်ထိခိုက်နိုင်သည့်နေရာ
- မီးလောင်ဖြစ်ပေါ်နိုင်သည့်နေရာ
- မြေလွှာကျုံ့နိုင်သည့်နေရာ
- ရေလွှမ်းနိုင်သည့်နေရာ


## (ဂ) အန္တရာယ်ကင်းသည့်နေရာများ

ကျောင်း ဖူဆယ်ဘောလုံးကွင်း နှင့် ခြင်းကွင်း



စုစည်းသည့်နေရာ

2




## (ဃ) အရေးပေါ်ထွက်ပေါက်လမ်း

အရေးပေါ်ဖြစ်လာပါကကျောင်းအုပ်မှတစ်ဆင့်အရေးပေါ်အချက်ပြပြီးဆိုလျှင်၊ဘေးကင်းရာနေရာသို့ သတ်မှတ်ဖော်ပြထားသည့်အရေးပေါ်လမ်းအတိုင်းပြေးရမည်ဖြစ်သည်။

- အနီရောင်မြှားသည် ကျောင်းတွင်းလမ်းမဖြစ်သည်။
- အဝါရောင်မြှားသည် ဘောလုံးကွင်း(စုရပ်)သို့ တိုက်ရိုက်သွားနိုင်သည့်လမ်းဖြစ်သည်။

# အပိုင်း (၃) အရေးပေါ်ကူညီမည့်အဖွဲ့များ

## (က) ကျောင်းဘေးကင်းလုံခြုံရေးကော်မတီ

နေ့သစ်ကျောင်းတွင်ကျောင်းဘေးကင်းလုံခြုံရေးအတွက်အောက်ပါကော်မတီ (၆) ယောက်နှင့်ဖွဲ့စည်းထားသည်။

(၁) ဒေါ်ယုဇန၊ ကျောင်းဒါရိုက်တာ၊ ဖုန်းနံပါတ်- ၀၉၄၇၃၄၃၄၆၅

(၂) ဒေါ်မြသီတာစိုး၊ ကျောင်းအုပ်ဆရာမကြီး၊ ဖုန်းနံပါတ်- ၀၈၄၅၉၂၄၆၃၁

(၃) ဒေါ်ဇင်မာထက်၊ ကျောင်းဆရာမ၊ ဖုန်းနံပါတ်- ၀၈၇၃၀၇၁၀၃၆

(၄) ဦးအောင်နိုင်မိုး၊ ကျောင်းဆရာ၊ ဖုန်းနံပါတ် - ၀၉၄၇၆၁၈၈၁၂

(၅) ဒေါ်ဟယ်လင်၊ ကျောင်းဆရာမ၊ ဖုန်းနံပါတ် - ၀၉၄၇၁၆၀၀၇၁

(၆) ဒေါ်မွန်ယဉ်လှိုင်၊ ကျောင်းဆရာမ၊ ဖုန်းနံပါတ် - ၀၈၅၄၉၀၆၂၃၅

## ကော်မတီအဖွဲ့၏လုပ်ငန်းတာဝန်များ

(၁) ကျောင်းဘေးကင်းလုံခြုံရေးအတွက်အစဉ်မပြတ်အကဲခတ်ကြည့်ရှုပေးရန်။

(၂) ကျောင်းကော်မတီများ၊တာဝန်ခွဲဝေမှုများ၊ကျောင်းဘေးကင်းလုံခြုံရေးအတွက်အစီအစဉ်ချမှတ်ပေးခြင်းများနှင့် အားလုံးပူးပေါင်းလုပ်ဆောင်နည်းကိုအသုံးပြုပြီးကြီးကြပ်လုပ်ဆောင်ပေးရမည်။

(၃) ကျောင်းဘေးကင်းလုံခြုံရေးနှင့်ဆိုင်သည့်အစီအစဉ်အားလုံးကိုအခြားဌာနများနာလည်ပြီးသဘောတူအောင်တင်ပြပေးရမည်။ (ဥပမာ - ပညာပေးခြင်းအစီအစဉ်၊လှုပ်ရှားမှုအစီအစဉ်)

(၄) ကျောင်းနှင့်ပတ်သက်သည့်ဖြစ်ပေါ်နိုင်မည့်အန္တရာယ်များအားလုံးကိုကြီးကြပ်ကြည့်ရှုပေးရန်။ (နွေ၊မိုး၊ဆောင်း၊ရာသီလိုက်ဖြစ်ပေါ်နိုင်သည့်အန္တရာယ်)

(၅) ဘေးကင်းလုံခြုံရေးအတွက်အခြားအဖွဲ့အစည်းများ၊အစိုးရဌာနများနှင့်ဆက်သွယ်ခြင်း။

# (ခ) အခြားဌာနများနှင့်လုပ်ငန်းတာဝန်များ

## (ခ.၁) ပညာပေးအသင်း၊အရင်းအမြစ်စုဆောင်းအသင်း

| နံပါတ် | အမည် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|
| 1 | ဒေါ်ဟန်နီကျော် | ခေါင်းဆောင် | ဂ၉၅ဂ၁၅၃၅ဂ၅ |
| 2 | ဦးအောင်နိုင်မိုး | အဖွဲ့ဝင် | ၀၉၄၇၆၁၈၈၁၂ |
| 3 | ဒေါ်ဟယ်လင် | အဖွဲ့ဝင် | ၀၉၄၇၁၆၀၀၇၁ |
| 4 | ဒေါ်မွန်ယဉ်လှိုင် | အဖွဲ့ဝင် | ၀၈၅၄၉၀၆၂၃၅ |
| 5 | ဒေါ်ဇင်မာမြင့် | အဖွဲ့ဝင် | ၀၉၄၆၄၂၉၅၃၈ |

## လုပ်ငန်းတာဝန်များ

- ကျောင်းသူ၊ကျောင်းသားများအတွက်ကျောင်းဘေးကင်းလုံခြုံရေးနှင့်ပတ်သက်သည့်အတတ်ပညာသင်ကြားပေးရန်၊ကြိုတင်ကာကွယ်နည်း၊ဘေးကြုံနေသည့်အတောအတွင်းလုပ်ဆောင်မှုအဆင့်ဆင့်နှင့်၊အန္တရာယ်ပြီးဆုံးပြီးနောက်ပိုင်းမည်သို့လုပ်ရမည်စသဖြင့်။
- လိုအပ်သည့်လက်ဆွဲအထောက်အကူပစ္စည်းများကိုဆင်စုဆောင်းထားခြင်း၊ဘေးကင်းလွတ်မြောက်အောင်ပြေးသည့်နည်းလမ်းများသင်ကြားပေးခြင်း။
- အခြေအနေအမြဲစောင့်ကြည့်ပေးရမည်။
- အရေးပေါ်အချက်ပေးရမည်။
- ကျောင်းသားမိဘများကိုဆက်သွယ်ပေးရမည်။
- ကျောင်းအုပ်ညွှန်ကြားသည့်အတိုင်းလိုက်နာလုပ်ဆောင်ရမည်။

## (ခ.၂) ဘေးရှောင်အသင်း

| နံပါတ် | အမည် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|
| 1 | ဒေါ်မြသီတာစိုး | ခေါင်းဆောင် | ၀၈၄၅၉၂၄၆၃၁ |
| 2 | ဒေါ်သီတာ | အဖွဲ့ဝင် | ၀၈၃၆၂၆၃၂၈၀ |
| 3 | Sorn | အဖွဲ့ဝင် | ၀၈၉၉၀၆၁၂၅၅ |
| 4 | ဒေါ်ဟန်နီကျော် | အဖွဲ့ဝင် | ၀၉၅၀၁၅၃၅၀၈ |
| 5 | ဒေါ်လဲ့လဲ့ဝင်း | အဖွဲ့ဝင် | ၁၉၄၇၁၈၄၉၇၆ |

## လုပ်ငန်းတာဝန်များ

- ဘေးအတွင်းကျရောက်နေသည့်ကျောင်းသူ၊ကျောင်းသားများကိုအချက်ပေးခြင်းနှင့်ကူညီပံ့ပိုး ပေးခြင်း
-အခြားသက်ဆိုင်သည့်ဌာနများနှင့်ဆက်သွယ်အကူအညီတောင်းခြင်း(ကျောင်းတွင်းရှိဌာနများ)
- ကျောင်းအုပ်ညွှန်ကြားသည့်အတိုင်းလိုက်နာလုပ်ဆောင်ရမည်။





## (ခ.၃) ဘေးကင်းသည့်နေရာသို့ရောက်အောင်ပံ့ပိုးသည့်အဖွဲ့

| နံပါတ် | အမည် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|
| 1 | ဒေါ်ယုဇန | ခေါင်းဆောင် | ၀၉၉၃၃၉၈၆၅၈ |
| 2 | ဦးအောင်နိုင်မိုး | အဖွဲ့ဝင် | ၀၉၄၇၆၁၈၁၂ |
| 3 | ဦးတင်မောင်ဆွေ | အဖွဲ့ဝင် | ၀၉၄၇၆၄၃၂၀၉ |
| 4 | ဦးကျော်ရဲဝင်း | အဖွဲ့ဝင် | ၀၉၄၇၃၇၈၇၉၄ |
| 5 | အယ်စတာမြတ်စု | အဖွဲ့ဝင် | ၀၈၀၁၉၇၀၃၄ |

## လုပ်ငန်းတာဝန်များ

- ကျောင်းဘေးကင်းလုံခြုံရေးကော်မတီနှင့်ဆက်သွယ်ရမည်။
- ကျောင်းသူ၊ကျောင်းသားများ၊ဆရာ၊ဆရာမများဘေးကင်းရာနေရာသို့အန္တရာယ်ကင်းစွာကူညီဆွဲခေါ်သွားရမည်။
- အန္တရာယ်ကင်းပြီးသည့်နောက်ပိုင်းတွင်ကျောင်းသူ၊ကျောင်းသားများနှင့်ဆရာ၊ဆရာမအားလုံးလုံလုံခြုံခြုံနှင့်မိဘလက်ထဲသို့ တစ်ယောက်မကျန်ပို့ဆောင်ပေးရမည်။
- ကျောင်းအုပ်ညွှန်ကြားသည့်အတိုင်းလိုက်နာလုပ်ဆောင်ရမည်။






## (ခ.၄) ရှေးဦးသူနာပြုအသင်း

| နံပါတ် | အမည် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|
| 1 | ဒေါ်ဟန်နီကျော် | ခေါင်းဆောင် | ၀၉၅၀၁၅၃၅၀၅ |
| 2 | ဒေါ်ဟယ်လင် | အဖွဲ့ဝင် | ၀၉၄၇၁၆၀၀၇၁ |
| 3 | ရေဗက္ကာ | အဖွဲ့ဝင် | ၀၉၄၆၂၅၉၇၅၀ |
| 4 | ကိုမင်း | အဖွဲ့ဝင် | |
| 5 | သစ္စာ | အဖွဲ့ဝင် | |

## လုပ်ငန်းတာဝန်များ

- ထိခိုက်ဒဏ်ရာရသည့်ကျောင်းသူ၊ကျောင်းသားများနှင့်ဆရာ၊ဆရာမအားလုံးကို အရေးပေါ် ကုသပေးရမည်။
- တစ်ကျောင်းလုံးဘေးကင်းရာပြေးနေသည့်အချိန်အားလုံးထိခိုက်ဒဏ်ရာမရအောင် ကူညီဖေးမပေးရမည်။
- ကျောင်းအုပ်ညွှန်ကြားသည့်အတိုင်းလိုက်နာလုပ်ဆောင်ရမည်။





## (ခ.၅) ပြန်ကြားရေးအသင်း

| နံပါတ် | အမည် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|
| 1 | ဦးတင်မောင်ဆွေ | ခေါင်းဆောင် | ၀၉၄၇၆၄၃၂၀၉ |
| 2 | ဒေါ်အယ်စတာမြတ်စု | အဖွဲ့ဝင် | ၀၈၀၁၁၉၇၀၃၄ |
| 3 | ညီညီမင်း | အဖွဲ့ဝင် | |
| 4 | သွယ်ဇင်လွင် | အဖွဲ့ဝင် | |
| 5 | နှင်းထက်ထက်လွင် | အဖွဲ့ဝင် | |


## လုပ်ငန်းတာဝန်များ

လုပ်ငန်းတာဂန်များ

- ဆေးရုံ၊မီးသတ်၊မြို့နယ်ရုံး၊ရဲစခန်းစသည့်ဌာနများထံ တိုင်ကြားခြင်းနှင့် အကူအညီတောင်းခြင်း။
- အသက်ကယ်အဖွဲ့၊ရပ်ကွက်အတွင်းကူညီပံ့ပိုးနိုင်သည့်အဖွဲ့ များကိုချက်ချင်း တိုင်ကြားခြင်းနှင့် အကူအညီတောင်းခြင်း။
- ကျောင်းအုပ်ညွှန်ကြားသည့်အတိုင်းလိုက်နာလုပ်ဆောင်ရမည်။



# အပိုင်း (၄) သဘာဝဘေးအန္တရာယ်ကြုံနေရသည့်အချိန် လုပ်ဆောင်ရမည့်အဆင့်ဆင့်



## (က) ငလျင်လှုပ်ခြင်းအန္တရာယ်ကြုံလျှင် လုပ်ဆောင်ရမည့်အဆင့်ဆင့်


| အချိန် | လုပ်ရမည့်အဆင့်ဆင့် | တာဝန်ယူမည့်အဖွဲ့ |
|---|---|---|
| (၁) ငလျင်မလှုပ်မီ | ကျောင်းအဆောက်အအုံကိုခိုင်ခိုင်မာမာတည်ဆောက်ပါ။ ပစ္စည်း (သို့)ပရိဘောဂများကို မျက်နှာကြက်၊နံရံတွင်မချိတ်ပါနှင့်။ လေးလံသောပစ္စည်းများကို မြင့်သောနေရာ(သို့)ဘီဒိုတွင် မထားရန်။ | |
| (၂) ငလျင်လှုပ်ခြင်းအန္တရာယ်ကြုံနေသည့်အချိန် | ငလျင်လှုပ်နေချိန်တွင်မှန်ပတင်းပေါက်များနှင့် ဝေးဝေးနေပါ။ခိုင်ခန့်သောခုံအောက်တွင်ဝင်ပေါ်။ မိမိအပေါ်ပစ္စည်းများမကျမိစေရန် ငလျင်လှုပ်ပြီးမှအဆောက် အဦးအပြင်သို့ထွက်ပါ။လှေကား(သို့) ဓာတ်လှေကားများမသုံးရ။ | |
| (၃) ငလျင်လှုပ်ပြီးသည့်နောက်ပိုင်း | ငလျင်လှုပ်ပြီးနောက်ပိုင်း ကယ်ဆယ်ရေး၊ကုသရေး၊ ယာယီတည်းခိုရေးနှင့် နေရာချထားရေး၊ပျက်စီးဆုံးမှုတွေစမ်းစစ်၊ ပြန်လည် ပြင်ဆင်ရေး၊ ပြန်လည်ထူထောင်ရေးများ.. | |





# (ခ) မီးလောင်ခြင်းအန္တရာယ်ကြုံလျှင် လုပ်ဆောင်ရမည့်အဆင့်ဆင့်

| အချိန် | လုပ်ရမည့်အဆင့်ဆင့် | တာဝန်ယူမည့်အဖွဲ့ |
|---|---|---|
| (၁) မီးမလောင်မီ | မီးလောင်နိုင်တဲ့အရာဝတ္ထုများကိုသေသေချာချာ သိမ်းဆည်းပါ။မီးလောင်လွယ်သောနေ ရာများတွင် မီးသတ်ဗူး၊ အချက် ပြစနစ်များတပ်ဆင်ထားပါ။ မီးပလပ်များကိုသေသေချာချာ စစ်ဆေးအသုံးပြုပါ။ | |
| (၂) မီးလောင်ခြင်းအန္တရာယ်ကြုံနေသည့်အချိန် | မီးသေးပါက မီးသတ်ဗူးဖြင့် သတ်ပါ။ မီးလောင်မှုကြီးပါက ထိုနေရာက အမြန်ထွက်ပါ။ မီးသတ်ဌာနကို ဖုန်းဆက်ပါ။ ပတ်ဝန်းကျင်ကို အော်ဟစ် အကူအညီတောင်းပါ။ | |
| (၃)မီးလောင်ပြီးသည့် နောက်ပိုင်း | မီးလောင်ပြီးနောက်ပိုင်း ကယ်ဆယ်ရေး၊ကုသရေး၊ ယာယီတည်းခိုရေးနှင့် နေရာချထားရေး၊ပျက်စီးဆုံးမှုတွေစမ်းစစ်၊ ပြန်လည် ပြင်ဆင်ရေး၊ ပြန်လည်ထူထောင်ရေးများ... | |



## (ဂ) ရေလွှမ်းခြင်းအန္တရာယ်ကြုံလျှင် လုပ်ဆောင်ရမည့်အဆင့်ဆင့်

| အချိန် | လုပ်ရမည့်အဆင့်ဆင့် | တာဝန်ယူမည့်အဖွဲ့ |
| --- | --- | --- |
| (၁) မဖြစ်မီ | အရေးပေါ်အိတ်ပြင်ထားပါ။ ရာသီဉတုကိုလေ့လာပါ။လေ့၊ သဲအိတ်၊ပလပ်စတ်အိတ် တို့ကိုဆောင်ထားပြီးတိမ်းရှောင်ရန်နေရာတို့ကို ကြိုတင်သိထားပါ။ အရေးပေါ်စာရွက်စာတမ်းများကိုကြိုတင်သိမ်းထားပါ။ | |
| (၂) ဖြစ်ပေါ်နေသည့်အချိန် | ကယ်ဆယ်ရေးကိုဆက်သွယ်၊ ပိုမြင့်သောနေရာသို့ရွှေ့ပြောင်းပါ။ရေကူးခြင်း၊လမ်းလျှောက်ခြင်းမပြုရ။လျှပ်စစ်မီးကြိုးများရေနှင့်မထိစေရန်သတိပြုပါ။ သက်ဆိုင်ရာဌာနက အကြောင်းကြားမှ နေရပ်သို့ ပြန်လာပါ။ | |
| (၃) ဖြစ်ပြီးသည့်နောက်ပိုင်း | ရေကြီးပြီးနောက်ပိုင်း ကယ်ဆယ်ရေး၊ကုသရေး၊ ယာယီတည်းခိုရေးနှင့် နေရာချထားရေး၊ပျက်စီးဆုံးမှုတွေစမ်းစစ်၊ ပြန်လည် ပြင်ဆင်ရေး၊ ပြန်လည်ထူထောင်ရေးများ... | |



## (ဂ) မြေပြိုခြင်းအန္တရာယ်ကြုံလျှင် လုပ်ဆောင်ရမည့်အဆင့်ဆင့်

| အချိန် | လုပ်ရမည့်အဆင့်ဆင့် | တာဂန်ယူမည့်အဖွဲ့ |
|---|---|---|
| (၁) မဖြစ်မီ | မိုးလေဝသနှင့် သတိပေးချက်များကို နားဆင်ပါ။ပတ်ဝန်းကျင်ထူးခြားမှုတွေ့ပါကဘေး လွတ်ရာသို့ တိမ်းရှောင်ပါ။ အရေးပေါ်ကယ်ဆယ်ရေး အိတ်ထားရှိပါ။ | |
| (၂) ဖြစ်ပေါ်နေသည့်အချိန် | မြေပြိုသည့်နေရာကနေ ဘေးလွတ်ရာသို့အမြန်ဆုံးရွှေ့ပြောင်းပါ။ အရေးပေါ်ကယ်ဆယ်ရေးဌာနကို ဆက်သွယ်အကြောင်းကြားပါ။ | |
| (၃) ဖြစ်ပြီးသည့်နောက်ပိုင်း | ဖြစ်ပြီးနောက်ပိုင်းတွင်ကယ်ဆယ်ရေး၊ကုသရေး၊ ယာယီတည်းခိုရေးနှင့် နေရာချထားရေး၊ပျက်စီးဆုံးမှုတွေစမ်းစစ်၊ ပြန်လည် ပြင်ဆင်ရေး၊ ပြန်လည်ထူထောင်ရေးများ... | |

## (ဃ) လေမုန်တိုင်းအန္တရာယ်ကြုံလျှင် လုပ်ဆောင်ရမည့်အဆင့်ဆင့်

| အချိန် | လုပ်ရမည့်အဆင့်ဆင့် | တာဝန်ယူမည့်အဖွဲ့ |
|---|---|---|
| (၁) မဖြစ်မီ | အဆောက်အဦးကိုခိုင်ခန့်စွာ ဆောက်ပါ။ရေးပေါ် အိတ်ပြင် ထားပါ။ရာသီဥတုကိုလေ့လာ ပါ။တိမ်းရှောင်ရန်နေရာတို့ကို ကြိုတင်သိထားပါ။အရေးပေါ် စာရွက်စာတမ်းများကိုကြိုတင် သိမ်းထားပါ။ | |
| (၂) ဖြစ်ပေါ်နေသည့်အချိန် | သတင်းကိုအဆက်မပြတ်နား ထောင်ပါ။ ဘေးလွတ်ရာ သို့တိမ်းရှောင်ပါ။ပြတင်းပေါက် များ တံခါးများနှင့် လွတ်သည့် နေရာတွင် နေပါ။ သက် ဆိုင်ရာဌာနက အကြောင်း ကြားမှ နေရပ်သို့ ပြန်လာပါ။ | |
| (၃) ဖြစ်ပြီးသည့်နောက်ပိုင်း | ရေကြီးပြီးနောက်ပိုင်း ကယ် ဆယ်ရေး၊ကုသရေး၊ ယာယီ တည်းခိုရေးနှင့် နေရာချထား ရေး၊ပျက်စီးဆုံးမှုတွေစမ်းစစ်၊ ပြန်လည် ပြင်ဆင်ရေး၊ ပြန် လည်ထူထောင်ရေးများ... | |

# အပိုင်း (၅) အခြားသိကောင်းစရာများ

## ၁ ထိုင်းနိုင်ငံအတွင်းသဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက အရေးပေါ်ခေါ်ဆိုရန်ဖုန်းနံပါတ်များ

- အရေးပေါ်ရဲဌာန - ၁၉၁
- အရေးပေါ်ဆေးဌာန - ၁၆၆၉
- အရေးပေါ်မိုးလေဝသဌာန - ၁၁၈၂
- အရေးပေါ်မီးသတ်ဌာန - ၁၉၉

## ၂ အန္တရာယ်ကိုလေ့လာအကဲဖြတ်ဆန်းစစ်ရန်နမူနာပုံစံငယ်ဇယား

| | တွေ့ရှိချက် | တွေ့ရှိသည့်နေရာ | အုပ်စုလိုက်ဆွေးနွေးရန် (အန္တရာယ်ကိုမည်သို့လျှော့ချမည်နည်း) |
|---|---|---|---|
| 1 | လမ်းပေါ်တွင်ဓာတ်ကြိုးပြတ်ကျနေခြင်း | ကျောင်းနံဘေးတံခါးပေါက် | |
| 2 | တံတားတစ်ခုကျိုးပဲ့နေခြင်း | ကျောင်းအနောက်တံခါးပေါက် | |
| 3 | မီးသတ်ဘူးပင်ပြုတ်ထွက်နေခြင်း | ကျောင်းဟောခန်း | |
| 4 | ကန်ထဲတွင်အမှိုက်သရိုက်များပြည့်နေပြီးခြင်များခိုအောင်းနေခြင်း | ကျောင်းအနောက်ဖက်ရေကန် | |
| 5 | ဆေးသေတ္တာအတွင်းရှိဆေးအချို့ရက်လွန်နေခြင်း | ကျောင်းတွင်းဆေးပေးခန်း | |

## ၃ သမိုင်းအထောက်အထားအချက်အလက်များ

ထိုင်းနိုင်ငံသည်နှစ်စဉ်နှစ်တိုင်းရေလွှမ်းမိုးမှုကိုခံရပါသည်။အခြားသဘာဝဘေးအန္တရာယ်များနှင့် ယှဉ်လျှင်ရေကြီးမှုသည်မကြာခဏပေါ်ပေါက်သလိုထိခိုက်ဆုံးရှုံးမှုကလည်းများပြားလှသည်။ ထိုင်းနိုင်ငံတဝန်းရှိနေရာဒေသအသီးသီးတွင်ဖြစ်ပေါ်ခဲ့သော အမျိုးမျိုးသောဘေးအန္တရာယ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားခြင်းသည်ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအစီအစဉ်များကို ရေးဆွဲရာတွင်အထောက်အကူဖြစ် စေပါသည်။ထိုစာရင်းအချက်အလက်ကိန်းဂဏန်းများကိုလေ့လာခြင်းဖြင့် ကလေးများသည်ဘေးအန္တရာယ်ကိုသတိပြုမိပြီးအသိအမြင်နိုးကြားစေမည်ဖြစ်ပါသည်။ ထို့အပြင်ကလေးများသည်ဆရာများနှင့်အမေးအဖြေပြုလုပ်ကာဇဟုသုတများပိုင်ဆိုင်ကြပါမည်။ (ဥပမာ- ၂၀၁၁ခုနှစ်တွင်ဖြစ်ပွားခဲ့သောရေလွှမ်းမိုးမှုကြီးကြောင့်မည်သည့်ဆိုးကျိုးများဖြစ်ခဲ့သနည်း၊ ကလေးများသေဆုံးခဲ့ပါသလား၊ အဘယ်မျှနည်း၊ အဘယ်ကြောင့်နည်း။)

## ၄ ၂၀၀၃ခုနှစ်မှ၂၀၁၁ခုနှစ်အတွင်းထိုင်းနိုင်ငံတွင်ဖြစ်ပွားခဲ့သော ရေကြီးမှုများကြောင့်ဖြစ်ပေါ်ခဲ့သော အပျက်အစီးဆုံးရှုံးမှုစာရင်း

| ခုနှစ် | အကြိမ်ရေပေါင်း | ပြည်နယ်ပေါင်း | ထိခိုက်ဒဏ်ရာရ | သေဆုံး | ဆုံးရှုံးမှုတန်ဖိုး (ဘတ်သန်းပေါင်း) |
|---|---|---|---|---|---|
| ၂၀၀၃ | ၁၇ | ၆၆ | ၁၀ | ၄၄ | ၂၀၅၀.၂၆ |
| ၂၀၀၄ | ၁၂ | ၅၉ | ၃ | ၂၈ | ၈၅၀.၆၅ |
| ၂၀၀၅ | ၁၂ | ၆၃ | × | ၇၅ | ၅၉၈၂.၂၈ |
| ၂၀၀၆ | ၆ | ၅၈ | ၁၄၆၂ | ၄၄၆ | ၉၆၂၇.၄၁ |
| ၂၀၀၇ | ၁၃ | ၅၄ | ၁၇ | ၃၆ | ၁၆၈၇.၈၆ |
| ၂၀၀၈ | ၆ | ၆၅ | ၁၆ | ၁၁၃ | ၇၆၀၁.၇၉ |
| ၂၀၀၉ | ၅ | ၆၄ | ၂၂ | ၅၃ | ၅၉၈၂.၂၈ |
| ၂၀၁၀ | ၇ | ၇၄ | ၁၆၆၅ | ၂၆၆ | ၁၆၃၃၈.၇၃ |
| ၂၀၁၁ | ၁ | ၆၆ | × | ၈၁၃ | ၁၄၂၅၀၀ |
| စုစုပေါင်း | ၇၉ | ၅၆၉ | ၃၁၉၅ | ၁၈၇၄ | ၁၉၁၈၉၁.၅၉ |

# ၅ ပညာပေးသင်တန်းအစီအစဉ်ဇယား

| အချိန်ကာလ (၂၀၁၇-၂၀၁၈) | ကျောင်းတွင်း ပညာပေးသင်တန်း | ကျောင်းပြင်ပ ပညာပေးသင်တန်း | ရလာဒ်များ |
|---|---|---|---|
| ဇွန်ဒုတိယပတ် | ကျောင်းတွင်း | | |
| ဇူလိုင်ဒုတိယပတ် | ကျောင်းတွင်း | | |
| ဇူလိုင်နောက်ဆုံးပတ် | | ကျောင်းပြင်ပ | |
| ဩဂုတ်ဒုတိယပတ် | ကျောင်းတွင်း | | |
| စက်တင်ဘာဒုတိယပတ် | ကျောင်းတွင်း | | |
| စက်တင်ဘာနောက်ဆုံးပတ် | | ကျောင်းပြင်ပ | |
| အောက်တိုဘာဒုတိယပတ် | ကျောင်းတွင်း | | |
| နိုဝင်ဘာဒုတိယပတ် | ကျောင်းတွင်း | | |
| နိုဝင်ဘာနောက်ဆုံးပတ် | | ကျောင်းပြင်ပ | |
| ဒီဇင်ဘာဒုတိယပတ် | ကျောင်းတွင်း | | |
| ဇန်နဝါရီဒုတိယပတ် | ကျောင်းတွင်း | | |
| ဇန်နဝါရီနောက်ဆုံးပတ် | | ကျောင်းပြင်ပ | |
| ဖေဖော်ဝါရီဒုတိယပတ် | ကျောင်းတွင်း | | |
| မတ်လဒုတိယပတ် | ကျောင်းတွင်း | | |
| မတ်လနောက်ဆုံးပတ် | | ကျောင်းပြင်ပ | |

သတိပေးအသင်း၊ရှေးဦးသူနာပြုအသင်းနှင့်အရင်းအမြစ်အသင်းတို့ပူးပေါင်းကာတစ်လ
လျှင်တစ်ကြိမ်အသင်းဝင်များနှင့်အတူတွေ့ဆုံဆွေးနွေးပွဲများပြုလုပ်ကြပါမည်။
ယင်းဆွေးနွေးပွဲများတွင်အသင်းလိုက်အနေဖြင့်မိမိတို့တာဝန်ဝတ္တရားများကိုလက်တွေ့
လေ့ကျင့်သည့်အစီအစဉ်များ၊သရုပ်ပြခြင်းများပါဝင်ပါမည်။အစီအစဉ်ပြုလုပ်မည့်ကာလများမှာ
လစဉ် တတိယပတ်များတွင်ဖြစ်ပါသည်။



## အကောင်အထည်ဖော်ခြင်း

နေ့သစ်ကျောင်းအနေဖြင့်လုပ်ငန်းအစီအစဉ်များကိုအကောင်အထည်ဖော်ရာတွင်အဆင်ပြေ
ချောမွေ့စေရန်နှင့် အချိန်စီမံခန့်ခွဲမှုများစနစ်တကျဖြစ်စေရန်ကျောင်းအုပ်ကြီး၏ လမ်းညွှန်မှုဖြင့်စနစ်တကျ
တက်ကြွစွာလုပ်ဆောင်ကြပါမည်။
ယင်းသို့လုပ်ဆောင်ရာတွင်လည်းစည်းစနစ်ကျနခြင်း၊ပွင့်လင်းမြင်သာမှုရှိခြင်း စသောအချက်များကိုဦးစား
ပေးကာပြန်ကြားရေးအသင်း၏ ဦးဆောင်မှုဖြင့်မိမိတို့၏လုပ်ငန်းအစီအစဉ် လုပ်ဆောင်ချက်များနှင့်ရလာဒ်
များကိုကျောင်း၏ကိုယ်ပိုင်ဖေ့စ်ဘုတ်စာမျက်နှာမှတစ်ဆင့်
Graphic information များနှင့်တကွ အချိန်နှင့်တပြေးညီထုတ်ပြန်ပေးသွားပါမည်။

## အပိုင်း (၅) အခြားသိကောင်းစရာများ

သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများသည်လူထု၏အမြင်တွင်လွန်စွာအရေးကြီးသောအခန်းကဏ္ဍတစ်ရပ်အနေဖြင့်ရှုမြင်ခံရခြင်းမရှိသေးသည်ကို နေ့သစ်ကျောင်းအနေဖြင့်ကောင်းစွာနားလည်သဘောပေါက်ပါသည်။ ထို့ကြောင့်မိမိတို့အနေဖြင့်လုပ်ငန်းအစီအစဉ်များကိုအကောင်အထည်ဖော်ရာတွင်အဆင်ပြေချောမွေ့မှုရှိစေရန်နှင့် စည်းရုံးရေးကိစ္စရပ်များတွင်လည်းကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက်ခွန်အားသုံးကာဆောင်ရွက်ကြမည်ဖြစ်ကြောင်းအသိပေးအပ်ပါသည်။



Chiang Mai Office
P.O.Box 7. Chiangmai University, Chiang Mai 50202.
053 328 134 Fax. 053 271 551

MAP FOUNDATION

Mae Sot Office
No. 1/5, Ameena Uthit Road, Mae Sot, Tak, 63110
/ Fax. : 055 536 381 media@mapfoundationcm.org

Website: www.mapfoundationcm.org listen online radio at www.mapradio.org